# ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး

# ၁၇ ရက်မြောက်နေ့ အစီအစဉ်

# [ ၁-၁၁-၂၀၁၃] (သောကြာနေ့) ၁၀၀၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးညီညီမြင့်၊ အုတ်တွင်း မဲဆန္ဒနယ်၏ **ကျောင်းရှစ်ဆယ်ကျေးရွာအုပ်စု၊ ထန်းကုန်းအနောက်ကျေးရွာ ကိုယ့်အားကိုယ်ကိုး ကျေးလက်မီးလင်းရေးနှင့် ပတ်သက်၍ မည်ကဲ့သို့ ကူညီဆောင်ရွက်ပေးမည်ကို သိလိုသည်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးမောင်မောင်၊ သာယာဝတီ မဲဆန္ဒနယ်၏ **သာယာဝတီမြို့နယ်၊ အလယ်ကုန်း-ဖိုးခေါင်လမ်းအား ကတ္တရာလမ်းအဖြစ် ခင်းပေးနိုင်ခြင်း ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးဘရှိန်၊ ကျောက်ဖြူ မဲဆန္ဒနယ်၏ **မအေးကျွန်းဒေသတွင် တရုတ်နိုင်ငံပိုင် CNPC ကုမ္ပဏီနှင့် နိုင်ငံတော်အစိုးရတို့ပူးပေါင်း လုပ်ဆောင် နေသည့် ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းများ၊ မြစ်တွင်း ရေလမ်းကြောင်း ရှင်းလင်းမှုလုပ်ငန်းများ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးမောင်မောင်စိုး၊ သာကေတ မဲဆန္ဒနယ်၏ **ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် ဖွဲ့စည်းခြင်း မပြုရသေးသော ဘေးအန္တရာယ်လုံခြုံရေး စီမံခန့်ခွဲမှုကော်မတီ( Safety Management Committee) ကို ဖွဲ့စည်းရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးအောင်ကျော်စိုး၊ နတ်မောက် မဲဆန္ဒနယ်၏ **ပြည်ပကုမ္ပဏီများအား ကုန်းတွင်းလုပ်ကွက်များ ချထားပေးရာတွင် နတ်မောက်မြို့နယ် ပါဝင်သင့်ကြောင်းနှင့် အလုပ်အကိုင် အခွင့်အလမ်းများရရှိရေး အလေးထား ဆောင်ရွက်ရန်** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးစိုးဘိုးအောင်၊ မူဆယ် မဲဆန္ဒနယ်၏ **၁၉၀၈ ခုနှစ်၊ မတရားအသင်းများ အက်ဥပဒေအား လိုအပ်သလို ပြင်ဆင်ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းကို အချိန်မီဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဆ) ဦးမောင်မောင်စိုး၊ အင်္ဂပူ မဲဆန္ဒနယ်၏ **အင်္ဂပူမြို့နယ် မီးသတ်တပ်ဖွဲ့ စခန်းအတွက် မီးငြိမ်းသတ်ယာဉ်တစ်စီး ဆောင်ရွက်ပေးနိုင်မှု ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ ဦးတင်မောင်ဦး၊ ရွှေပြည်သာ မဲဆန္ဒနယ်က တင်သွင်းသော **"၁၉၅၄ ခုနှစ်၊ နိုင်ငံတော် အထိမ်းအမှတ်များ (ဆင်ယင်ပြသမှု ကန့်သတ်ရေး) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက် အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆက်လက်ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၇။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး ၁၇ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၈ ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။